# လင်းလေအင်းကျေးရွာ

# ပင်းတယမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လင်းလေအင်းကျေးရွာ၊ ပင်းတယမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဇွန်လ

## မာတိကာ


မာတိကာ ၁
အတိုကောက်စကားလုံးများ ၄
စကားချီး ၅
လင်းလေအင်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ပင်းတယမြို့နယ်
၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**
၈

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု
၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ
၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**
**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၃**
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား၂၃-ခစိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား၂၉သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား၃၁ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား၃၃ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား၃၈ အိမ်သာ အမျိုးအစား
ဇယား၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၉

**ကိုးကားစာရင်း** ၇၄

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

စက်တဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

လင်းလေအင်းကျေးရွာ

ပင်းတယမြို့နယ်



စာသင်ကျောင်း
မူကြိုကျောင်း
ရေကန်
ဆေးပေးခန်း
ဘုန်းကြီးကျောင်း
စေတီ
အားကစားကွင်း
သောက်ရေကန်
လူနေအိမ်

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏
ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင်
ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။
ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လ ာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြ ြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြ ြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

**၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့

အကောင်အထည်ဖော်ရာတွင် ကျွန်ပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်ပ်တို့ရွာသည် ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယမြို့နယ်တွင်တည်ရှိပြီး ပင်းတယ၊ရွာငံဖြတ်လမ်းမှ (၁/၄)မိုင် အကွာဖြစ်သည်။ ကျေးရွာသည် တောင်ပေါ်ရွာလေးဖြစ်ပြီး ရွာ၏မြေပြင်အနေအထားမှာ ချိမ်းဖုမ်းလွင်ပြင်သဖွယ်ရှိပြီး ဘေးပတ်လည်တွင် တောင်တန်းများကာရံထားသော ရွာလေးဖြစ်သည်။ ရွာ၏အဓိကအသက်မွေးဝမ်းကြောင်း လုပ်ငန်းများမှာစိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ကြသည်။ ဒေသအတွင် တစ်နှစ်တာ ပျမ်းမျှမိုးရေချိန်လက်မ၉၀မှ၁၀၀လက်မပတ်ဝန်းကျင်ရရှိပြီး စိုက်ပျိုးရေးအတွက်အထောက်အကူပြုသည်။ စိုက်ပျိုးသည်သီးနှံများသည်ရေသွင်းစိုက်ပျိုးရသည်။ သီးနှံမဟုတ်မိုးရေကိုသာအဓိကအားကိုအားထာပြုနေရပါသည်။လယ်မြေများတွင်နှစ်ရှည်သီးနှံများ ြဖစ်သော လက်ဖက်နှင့် အခြားရာသီအလိုက်သီးနှံများဖြစ်သည့် ကျူး၊ ရွှေပဲ၊ ကြက်သွန်ဖြူ၊ ဂျုံ၊ပဲပိုးတီစသည့်သီးနှံများစိုက်ပျိုးရန် အဓိကအားထားရာဖြစ်သည‌ကျေးရွာသည် တောင်ပေါ်ရွာလေးဖြစ်သောကြောင့် ရေကြီးခြင်း လေမုန်းတိုင်း ကျရောက်ခြင်း စသည့်သဘာဝဘေးအန္တရာယ်မရှိသလောက်နည်းပါသည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်ရှိကြပြီး တောင်ပေါ်ဒေသဖြစ်သောကြောင့် မြေဆီလွှာအသင့်အတင့်ကောင်းမွန်ပါသည်။ သဘာဝသံယံဇာတများအနေဖြင့် ကျောက်များထွက်ရှိပါသည်။ ကျောက်ထုတ်လုပ်ရာတွင် လွယ်ကူသော ကြောင့် လူနေအိမ်ဆောက်လုပ်ရာနှင့်လမ်းများဖောက်လုပ်ရာတွင် အဆင်ပြေမှုများရှိပါသည်။ ရွာ၏လယ်မြေဧက (၁၈)သည် နှစ်ရှည်သီးနှံများဖြစ်သော လက်ဖက် ကိုအဓိက စိုက်ပျိုးကြပြီး လယ်မြေများကို ရာသီအလိုက်သီးနှံများစိုက်ပျိုးကြသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က)လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၂၀၅)စုနှင့်ကျား(၄၅၇)၊ မ(၄၈၇)ဦးဖြင့်လူဦးရေပေါင်း(၉၄၄)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄.၆)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက်

လျော့နည်းသည်။ ကျေးရွာတွင် ဓနုလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏ ၆၈ %ခန့်ရှိသဖြင့် အမျိုးသမီးမှာ အမျိုးသားအရေအတွက်ထက် ၅%ပိုများသ သည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့်အသင့်အတင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၂၇.၈%သည် ဆင်းရဲနှင့် အလွန်ဆင်းအိမ်ထောင်စုအဆင့်အဖြစ် သတ်မှတ်ကြပြီး၂၀%သည် ချမ်းသာသည့်အဆင့်၊ ၅၂.၂%သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု၊ လယ်ယာသုံးစက်ကရိယာများ ပိုင်ဆိုင်မှုနှင့်ဆည်ရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွါးရေးအနေအထားမှာ အသင့်အတင့် ကောင်းသည်ဟု ပြောနိုင်သည်။ ချမ်းသာသောလယ်သမားအိမ်ထောင်စုများအပြင် အခြား လယ်သမားအိမ်ထောင်စုအချို့မှာလည်း ပေါက်ပြား၊ ဓား စ သည့်တို့ကိုအဓိကသုံးစွဲကြသည်။ ချမ်းသာသော အိမ်ထောင်စုများမှာလည်းဆင်းရဲသော အိမ်ထောင်စုများလို လက်သမား၊ပန်းရံစသည့် ဝင်ငွေရလုပ်ငန်းများတွင်လည်း ပါဝင်လုပ်ကိုင်ကြပါသည်။ အစိုးဝန်းထမ်းများမှာလည်း ငွေရေးကြေးရေး အသင့်အတင့်ရှိကြသည်။ ဆင်းရဲအဆင့်ရှိအိမ်ထောင်စုများသည် မြေယာအသင့်အတင့်ရှိကြသည်။ မြေယာမဲ့အိမ်ထောင်စုမရှိပါ။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုမရှိသော်လည်း မြေယာအသင့်အတင့်ပိုင်ဆိုင်သော အိမ်ထောင်စုများသည် လက်စားလိုက်၊ ဆောက်လုပ်ရေး လုပ်ငန်းများမွေးမြူရေးလုပ်နင်းများ၊ ကျောက်မျက်ရတနာထွက်ရှိသော ဒေသ( ဖာကန့်)စသည့်ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ရှာဖွေနိုင်ကြသည်။ ကျေးရွာမှ အဆင်မပြေသော အိမ်ထောင်စု၏ ၃၀%ဖြစ်သော (၅၇)စုကို လေ့လာဆန်းစစ်ကြည့်ရာဆင်းရဲသော် လည်းသူတစ်ပါးထံမှချေးငှားစားသုံးမှုမရှိပဲဝမ်းစာဖူလုံမှုအသင့်အတင့်ရှိကြသည်။ ကျေးရွာတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ အိမ်ထောင်စုအားလုံး၏ ၁%နှုန်း မျှသာ ရှိကြသည်။ ဆင်းရဲပြီး အမျိုးသမီးဦးဆောင်အိမ်ထောင်စု၏ ထိခိုက်သက်ရောက်မှုနိုင်မှုမှာမြင့်မားနေသည်။ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော ပုဂ္ဂလိကသက်ကြီးရွယ်အိုများ၊ မသန့်စွမ်းသည် ပုဂ္ဂလိများ မရှိသလောက်နည်းပါသည်။ ဝင်ငွေရရှိရန် တစ်ခြား အရပ်ဒေသ၊ ရတနာထွက်ရှိသောဒေသများသို့သွားရောက်အလုပ်လုပ်ကိုင်နေသော လူငယ်များသည် မူယစ်ဆေးသုံးစွဲမှု၊ကူးစက်ရောဂါအန္တရာယ်များရှိတတ်ကြသည်.

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာရှိလူတော်တော်များများသည် ကျန်းမာရေးအလွန်းကောင်းမွန်၍ အာဟာရ ပြည့်အဝရှိကြသည်။ ကလေးငယ်များလည်း ကျန်းမာရေးကောင်းမွန်ကြပါသည်။ အခုနှစ်ပိုင်အတွင်း သွေးတိုး၊ဆီးချိုရောဂါများမှာ
ယခင်နှစ်ပိုင်ကထက်ဖြစ်ပွားမှုနှုန်းမြင့်တက်လားသည်ကိုတွေ့ရသည်။ကျေးရွာသူ/သာများသည် ကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုများရရှိကြပြီး မြို့နယ်ဆေးရုံး၊ဆေးဆိုင်များနှင့်ဒမိုင်အကွာတည်ရှိပြီး လက်လှမ်းမီး မှု အသင့်အတင့်ရှိကြသည်။ကျေးရွာတွင်အိမ်ထောင်စုအများစုသည် အများပိုင်းရေးတွင် ရေကိုသောက်သုံးကြသည်။မိုးရေးလှောင်းကန်းအသုံးပြုမှုနည်းပါးသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာတွင်ပညာတတ်ဦးရေအလွန်းနည်းပါသော်လည်း ရွာရှိရွာသူရွာသားများ အခြေခံပညာရေးတတ်၊ ဖတ်တတ်အသင့်အတင့်ရှိကြသည်။ ဘွဲ့ရအရေအတွက်သည် တစ်ခြားရွာများဖြင့် အလယ်တန်းပညာများတွင်သင်ယူကြပြီး အထက်တန်းအဆင့်ပညာရေးကို နီးစပ်ရာကျောင်းများ၌ သွားရောက်သင်ယူကြသည်။ လူငယ်လူရွယ်များသည် အခြေခံပညာရေးကို မူလတန်းအဆင့်အလယ်တန်းအဆင့်သာ သင်ယူကြပြီး သက်မွေးပညာရပ်များတတ်မြောက်မှုမရှိသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါသည်။ အထက်တန်းအဆင်အထိပညာသင်ယူမှုသည်အလွန်းနည်းပါသည်။

**(စ) ကျား-မဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျား-မရေးရာကိစ္စရပ်များသက်မှတ်ထားခြင်းမရှိပေ။ အားလုံးတန်းတူအခွင့်အရေများရရှိကြသည်။
ကျေးရွာစီးမံခန့်ခွဲမှု၊ဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့အစည်းတွင်ပါဝင်မှု မရှိပေ။ အမျိုးသမီးများအာလ း ုံးအကြမ်းဖက်မှုညဉ်ပန်းနှိမ်စက်မှုတိုင်ကြားမှုမရှိပဲ ခင်မင်ရင်းနှီးစွာ နေထိုင်ကြသည်။ ကျား+မလုပ်အားခထက်ပိုနေသည် ကိုလည်း တွေ့ရသည်။ ကျေးရွာတွင်လူထု အဖွဲ့အစည်းများမရှိကြပေ။ ပညာရေးနယ်ပယ်မှာ လူထုအဖွဲ့အစည်းများမရှိကြပေ။ ပညာရေးနယ်ပယ်မှာမူလတန်းအဆင့်မိန်းကလေးဦးရေယော ကျ်ားလေးဦးရေသည် မိန်းကလေးဦးရေထက်အလွန်းနိမ့်ကျသည်။
တက္ကသိုလ်ကျောင်းသာ/သူများဘွဲ့ရသူများအရေအတွက်မှာမိန်းကလေးဦးရေကပိုများနေသည်။ ပညာရေး တွင်ကျား၊မတန်းတူပညာသင်ယူခွင့် ရကြသည်မှာ ကျေးရွာရှိကျား/မရေးရာကိစ္စဆိုင်ရာအခြေအနေကောင်းဟုဆိုရပေမည်။
ကျေးရွာအဖွဲ့အစည်းများတွင်အမျိုးသမီးပါဝင်ဆောင်ရွက်ခြင်းဖြင့်ကျေးရွာရှိကျား - မတန်းတူအခွင့်အရေးများပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။

**၄၊၊ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

## (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း၊ဘာသာရေး၊စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများမရှိသောကြောင့် စီမံအုပ်ချုပ်မှုဆိုင်ရာ အဖွဲ့အစည်းများမရှိသောကြောင့် စီးမံအုပ်ချုပ်မှုမှာအားနည်းချက်များရှိနေသည်။ နာရေးကူညီမှုအသင်းများမရှိသောကြောင့် ကျန်းမာရေးဆိုင်ရာပြဿနာဆေးရုံဆေးပေးခန်းများသို့သွားရာတွင် အခက်အခဲများရှိနေပါသည်။ယခင်ကပြင်ပမှလာရောက်ဖွဲ့စည်းပေးထားသော( UNDP)စိတ်တူကိုယ်တူအဖွဲ့များရှိသော်လည်း ယခုအခါယင်းအဖွဲ့များသည်ပျက်ပြားသွားခဲ့ပြီးဖြစ်သည်။ အဆိုပါအဖွဲ့အစည်းစွမ်းရည်မြင့်မားရေးသင်တန်းများရရှိပါက ကျေးရွာဖွံ့ဖြိုးရေးစီးမံအုပ်ချုပ်မှုဆိုင်ရာ အပိုင်းမှာပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်လက်ဖက်၊ဂျုံးစသည်သီးနှံများကိုအဓိကလုပ်ကိုင်ကြပြီး လက်ဖက်၁ဧကစိုက်ခင်းများ လက်ဖက်အခြောက်ခံဖြင့်၅၅.၅ပိဿာထွက်ရှိသည်။ ဂျုံးစိုက်ခင်း၀.၅ဧကကိုအများဆုံး၁၀၀ပိဿာမှာအနည်းဆုံး၅၀၀ပိဿာထွက်ရှိပြီး ပျမ်းမျှအားဖြင့် ၇၀၀ပိဿာထွက်ရှိကြောင်တွေ့ရသည်။ ကျေးရွာရှိ ကျေးရွာသူ/သားတွင်လုပ်အားခများတစ်နှစ်ထက်တစ်နှစ်ပိုမိုမြင့်တက်လာ၍ ကုန်ကျများလယ်ယာလုပ်ငန်းများ၌စရိတ်မြင့်မားလျက်ရှိပါသည်။

ကျေးရွာတွင်မွေးမြူရေးလုပ်ငန်း၌ နွားမွေးမြူသူဦးရေမှာတစ်ရွာလုံး၏ ၅.၆%ခန့်ရှိကြပြီးဒေသနွားများကိုသာမွေးမြူကြသည်။ ဝက်မွေးသူဦးရေမှာ တစ်ရွာလုံး၏ ၂.၂%ခန့်သာ၇ှိသည်။ တိရစ္ဆာန်များရာသီဥတုဖောက်ပြန်မှုအကြောင့်ရောဂါကျရောက်မှုကြောင့်သေဆုံးမှုအနည်းအများရှိသည်။မြို့နယ်တွင် မွေးကုဌာနရှိသော်လ်း ရပ်ရွာတွင်သင်တန်းပိုးချထားပေးသော ဝန်ထမ်းများမရှိသော ကြောင့် အခက်ခဲတွေ့နေရပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုလုပ်ငန်းများမရှိပါ။ ဝင်ငွေရလုပ်ငန်းများမှာ နေ့စားလိုက်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုဈေးရောင်း၊အစိုးရဝန်ထမ်းလုပ်ငန်းတို့ဖြစ်သည်။ အခြားလုပ်နင်းများအလုပ်အမျိုးအစားလိုက်တွက်ချေကိုက်မှုအသင့်အတင့် ရှိကြသည်။ လက်လုပ်လက်စားသမားများမှာ စိုက်ပျိုးချိန်၌ မိမိစိုက်ပျိုးကြပြီးကျန်အချိန်များမှာ ပြင်ပရွာ၌ သွားရောက်ပြီးနေ့စားလိုက်နေကြသည်။တစ်ချို့သော ယောကျ်ားလေးများကပြည်တွင်းကျောက်မျက်ရတနာထွက် ရှိသော ဒေသများက ပြည်တွင်းကျောက်မျက်ရတနာထွက်ရှိသောဒေသများသို့သွားရောက်လုပ်ကိုင်နေကြသည်။

ကျေးရွာတွင်
အပ်ချုပ်လုပ်ငန်း၊ဆိုင်ကယ်ပြင်နည်းများတတ်ထားဦးရေအနည်းအကျဉ်းခန့်ရှိသော်လည်း
အရင်းအနှီးနည်းပါ၍ ဆိုင်များမဖွင့်နိုင်ပေ၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ
များစွာရှိသော်လည်း ရွာသား/သူများတတ်မြောက်မှုစွမ်းရည်နိမ့်ကျနေဆဲဖြစ်ပါသည်။
သက်မွေးပညာရပ်များလာရောက်သင်ကြားနိုင်မှုမရှိပေ။
အဆိုပါပညာရပ်များလာရောက်သင်ကြားပေးမည်ဆိုပါက ရပ်ရွာတွင် အလုပ်အကိုင်များရရှိပြီး
ဝင်ငွေများရရှိလာမည်ဖြစ်သည်။

## (ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် ဂျုံးစိုက်ခင်းများ၌ မြေသြဇာများသုံးစွဲမှုများ များပြားလာခြင်းကြောင့် မြေဆီလွှာ
အရည်အသွေးများနိမ့်ကျလာသည်။ ဓာတုမြေသြဇာသုံးစွဲမှုအားနည်းခြင်းကြောင့်ဖြစ်သည်။
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲများနည်းပါသောကြောင့်
သစ်ပင်များအလွန်အကျွံခုတ်ခြင်း၊ စွန့်ပစ်ပစ္စည်း များစနစ်တကျစွန့်ပစ်မှုမရှိသောကြောင့်
သဘာဝပတ်ဝန်းကျင်ညစ်ညမ်းပြီး
မြေဆီလွှာအရည်အသွေးနိမ့်ကျခြင်း၊ရာသီဥတုဖောက်ပြန်ခြင်းများကြုံတွေ့ ရပါသည်။
သဘာဝပတ်ဝန်းကျင်အသိပညာပေးဟောပြောပွဲများပြုလုပ်ပေးရန်အလွန်အရေးကြီးနေသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်မူလတန်းနှင့်အလယ်တန်းကိုပေ၃၀နှင့်ပေ၉၀(၂)ဆောင်ရှိပြီး
သွပ်မိုး၊အုတ်နံရံကာ၊အင်္ဂတေအခင်းကျောင်းဆောင်တွင်သင်ကြားပေးသည်။
နတလမှဆောက်လုပ်ထားပေးသော
ကျောင်းဆောင်တွင်KGတန်းများကိုသင်ကြားပေးလျက်ရှိသည်။
ကျေးရွာတွင်ရွာသူရွာသားများအရေအဖတ်များကိုအသင့်အတင့်တတ်မြောက်ထားကြသည်။
ဘုန်းကြိမ်းကျောင်းပညာရေးလည်းအနည်းအပါးရရှိထားကြသည်။
ရွာကျောင်းတွင်အနီးအနားရွာများမှာ ကျောင်းသားကျောင်းသူများလာရောက်သင်ယူနေသည်။
ရွာတွင် အလယ်တန်းသင်ယူနေသည်ကိုလည်းတွေ့ရှိရပါသည်။ ရွာတွင်
အလယ်တန်းအဆင်သာရှိသေးသောကြောင့်အထက်တန်း အဆင့်ကိုနီးစပ်ရာ ကျေးရွာတွင်
ရှိကျောင်းများ၌ သွားရောသင်ယူနေရသည်။ ဆရာ/မအင်အားလုံလောက်မှုရှိသော်လည်း
ကျောင်းသုံးပရိဘောဂလုံလောက်မှုအားနည်းနေသည်။ ကျောင်းတွင်ဆရာ/မဦးရေ၁ဦးရှိပြီး
တပည့်ဆရာအချိူးသည် (၁၇)ဦးရှိသည်။

ကျေးရွာတွင်

ကျေးလက်ဆေးဆေးပေးခန်းရှိသဖြင့်ရွာသူရွာသားများကျန်းမာရေးစောင့်ရှောက်မှုများ ရရှိကြသည်။ ဆေးပေးခန်းတွင် ဆရာမတစ်ဦးထိုင်ကာအနီးအနားရွာမှရွာသူ/သားများလည်း လာရောက်ကုသကြသည်။ ရွာတွင်အရံသားဖွားဆရာမ(၂)ဦးရှိသဖြင့် ကျန်းမာရေစောင့် ရှောက်မှုများအားလုံ အများပိုင်ရေတွင်းမှရေကိုသောက်သုံးကြသည်။ မိုးရေလှောင်ကန်သုံးစွဲမှုမှာ ရွာ၏ အိမ်ထောင်စုအားလုံးမှာမှ၁၀အိမ် ၁၁အိမ်ခန့်သာရှိသည်။ ရွာတွင်ယင်လုံအိသာကိုအများဆုံးအသုံးပြုကြသည်။ အဆင်ပြေသော အိမ်ထောင်စုက အုတ်၊သဲများဖြင့်ပြုလုပ်ကြပြီး အဆင်မပြေသော အိမ်ထောင်စုများကဝါးသစ်စသည်တို့ဖြင့် ပြုလုပ်အသုံးပြုကြသည်။ စာသင်ကျောင်း မှာလည်းကျောင်းသားအိမ်သာ၊ဆရာမအိမ်သာ ဟူ၍ သီးသန့်ဆောက်လုပ်ထားပြီး ဆရာ/မများကျောင်းသား/သူအလွယ်တကူအသုံးပြုနိုင်သည်။ ယင်လုံအိမ်သာသုံးစွဲမှုကြောင့်ရေကြောင်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါ(ဥပမာ-ဝမ်းပျက်၊ဝမ်းလျှောစသည်ရောဂါများဖြစ်းပွားမှုလျော့နည်းသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ရွာတွင်း လူငယ်များအတွက်အနားယူရန်နေရာသီးသန့်မရှိပေ။ ရွာရှိလူငယ်များသည် သာရေး၊နာရေးကိစ္စများတွင်တက်ကြွစွာပါဝင်ဆောင်ရွက်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့အစည်းလုပ်ငန်းများသီးသန့်ဖောင်ဆောင်ထားခြင်း မရှိပေ။ ရွာရှိလူငယ်များဘာသာရေးပွဲများရိုးရာတာတက်ပွဲ များတွင် အိုးစည် ဝိုင်းဖြင့် တက်ကြွပါဝင်ကြသည်။

## (ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင်

၂၀၁၆ခုနှစ်က၄ဖာလုံရှိမြေသားလမ်းကိုနယ်စပ်ရေးရာဝန်ကြီးဌာနမှဖော်လုပ်ထားပေးပြီး ကျောက်ချောလမ်းကိုရွာမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့်ခင်းကျင်းထားသည်။ ရွာရှိလမ်းသည်ကျောက်ချောလမ်းဖြစ်ပြီး အနီးအနားရှိများမှာ လည်းကာထော်လားဂျီ၊ဆိုင်ကယ်၊များအသုံးပြုမောင်းနှင်ကြသည်။ ရွာရှိတွင်ဆိုင်ကယ်( ) စီး၊ထော်လာဂျီ( )စီးဖြင့်ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ကြသည်။

ရွာတွင် အိမ်တိုင်းလိုလိုဆိုလားမီးကိုအဓိကသုံးစွဲကြသည်။ ဆိုလာမီးကို၂၀၁၄ခုနှစ်က(နတလ)မှတစ်ရွာလုံးဖြန့်ဝေပေးထားသော်လည်း နွေရာသီနှင့်ဆောင်ရာသီတွင်လုံလောက်မှုရှိသော်လည်း ၊မိုးရာသီ၌ လုံလောက်မှုမရှိပေ။ ရွာတွင် စာကြည့်တိုက်များရှိသော်လည်း ရေဒီယို၊ တီဗွီ၊ရုပ်မြင်သံကြားမှသတင်းအျားကိုအလွယ်ကြည့်ရှုနိုင်ကြသည်။ ရွာတွင် အိမ်တိုင်းလိုလိုဖုန်းများရှိသဖြင့် ဆက်သွယ်ရေးအသင့်အတင့်ကောင်းမွန်သည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင်ပြစ်မှု ကျူးလွန်သူများ၊မှုခင်းဖြစ်ပွားမှုမရှိသလောက်နည်းပါသည်။ ရွာတွင် တယ်လီဖုန်းများရှိသော်လည်း ဆက်သွယ်ရေးလိုင်းမကောင်းသဖြင့်တစ်ခါတစ်ရံဆက်သွယ်ရေးမှာ အခက်အခဲရှိပေသည်။ ကျေးရွာတွင် သယာဝဘေးအန္တာရာယ်လျှောပါရေး အဖွဲ့အစည်းများဖွဲ့စည်းခြင်းမရှိပေ။ ရဲစခန်းများဖြင့်အလွယ်တကူဆက်သွယ်သယားလာနိုင်သဖြင့် မှုခင်းဖြစ်ပွားမှုလျော့နည်းသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာတွင် ဆိုလာမီးကိုအဓိကသုံးစွဲကြပြီးပွင့်လင်းရာသီ၌ လုံလောက်စွာ သုံးစွဲနိုင်ပြီး မိုးရာသီ၌ လုံလောက်စွာ သုံးစွဲမှုရေသော်လည်းယခင်ကရေနံဆီမီးသုံးစွဲမှုဖြင့် စာလျှင်တိုးတက်ကောင်းမွန်လာသည်။ ဆိုလာမီး ဖြင့်ကျောင်းသား/သူများစာကြည့်ရန် အတွက်အထောက်အပံ့ဖြစ်သည်။မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိမည် ဆိုပါက ချက်ပြုတ်ရေး၊ကျောင်းသား၊ကျောင်းသူများမိုးရာသီစာဖတ်ချိန်လူနေမှုအဆင့်အတန်းမြင့်မားရေးပ ညာတတ်တစ်ဦးရေးနည်းပါသော်လည်း ရွာရှိ လူဦးရေအားလုံး၏ ၆၈%မှာ အလုပ်လုပ်နိုင်သော အရွယ်များဖြစ်သဖြင့်ကျေးရွာဖွံ့ဖြိုးရေးအတွက်အခြေအနေကောင်းဟုဆိုရပေမည်။ လူငယ်လူရွယ်များအသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားတတ်မြောက်မည်ဆိုပါက လူသားအရင်းအမြစ်တိုးတက်ကောင်းမွန်လာစေနိုင်ပါသည်သည်။ ကျေးရွာရှိ ရွာသူ/ရွာသားများသည် ကျန်းမာရေးများကောင်းမွန်ကြပြီး ကျန်းမာရေးဝန်ဆောင်မှုများစိုးရိမ်းရသည့်ကျန်းမာရေးပြဿနာများကြုံတွေ့လာပါက မြို့နယ်ဆေးရုံသို့အလွယ်တကူသွားရောက်ကုသနိုင်သည်။ ကျေးရွာရှိ စာသင်ကျောင်းမှာ အသင့်အတင့်ကောင်းမွန်ပြီး ပံ့ပိုးရေးပစ္စည်းများမှာလည်း လက်ရှိပညာရေးအတွက်အခြေအနေကောင်းဟုဆိုရပေမည်။

သဘာဝအရင်းအမြစ်များတွင်လည်း လယ်မြေများသည် တောင်တန်းများတွင်ရှိပြီး မြေဆီလွှာ အရည်အသွေးအသင့်အတင့်ကောင်းမွန်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသောကြောင် လယ်ယာထွက်ပစ္စည်းများကိုအလွယ်တကူသယ်ယူပို့ဆောင်နိုင်သည့် မိုးရေ စိုက်ပျိုးရေးမှာ အထောက်အကူပြုနေသည်။ ကျေးရွာသည် ပင်းတယမြို့၊ ရွာင်မြို့၊မန္တလေးစသည့်မြို့များသို့ကတ္တရာလမ်းတို့ဖြင့် အလွယ်တကူသွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုကြောင့်ရွာရှိ လယ်ယာထွက်ကုန်များကိုဈေးကွက်သို့အချိန်မီတင်ပို့ရောင်းချနုိင်သည်။ ကျေးရွာတွင်

မွေးမြူရေးလုပ်ငန်းများမှာ နွား၊ဝက်မွေးမြူရေးလုပ်ငန်းမှရရှိသော ဝင်ငွေမှာ အသင့်အတင့်ရှိကြသည်။ မွေးမြူရေးလုပ်ငန်းမှလိုအပ်ချက်မွေး/ကုဌာနမှ နည်းပညာရပ်များနှင့်ရောဂါကျရောက်လာသည့်အခါကုသရမည့်နည်းလမ်းများ၊သင်တန်းများပို့ချခြင်းများလိုအပ်သည်။

ကျေးရွာတွင်ဖြစ်ပွားမှု ကျူးလွန်သူများ၊မှုခင်းများမရှိသလောက်နည်းပါသည်။ ရပ်ရွာသည်တည်ငြိမ်အေးချမ်းပီး ကုန်ပစ္စည်းများကိုအေးချမ်းလွယ်ကူစွာဈေးကွက်သို့တင်ပို့ရောင်းချနိုင်ပါသည်။ မိုဘိုင်းဆက်သွယ်ရေးမှာ အသင့်တင့်ကောင်းမွန်ပြီး စီးပွားရေး၊ အခြားဝန်ဆောင်မှု လုပ်ငန်းများအတွက်အသင့်အတင့်လက်လှမ်းမိသည်။ ကျေးရွာတွင်အင်တာနက်အသုံးပြုမှုအသင့်အတင့်ရှိပြီး အခြားသတင်းအချက်အလက်များအတွက်ချိတ်ဆက်အသုံးပြုနိုင်သည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာတွင် မြေဆီလွှာအသင့်အတင့်ကောင်းမွန်ပြီး သံယံဇာတများအနေဖြင့်ကျောက်၊ ခနောက်စိမ်း၊သတ္တုများထွက်ရှိသည်။ တောတောင်၊ ကျောက်တောင်များများပြား၍ စိုက်ပျိုးမြေတိုးချဲ့ရန်အခက်အခဲရှိသည်။ လက်ဖက်စိုက်ပျိုးရေးတွင်နည်းပညာရပ်များတတ်မြောက်မှုအားနည်းသောကြောင့် မြို့နယ်စိုက်ပျိုးရေးဌာနနှင့်ချိတ်ဆက်၍ သင်တန်းများတက်ရောက်ရန်လိုပေသည်။ ကျေးရွာတွင် အိမ်တွင်းမှုလုပ်ငန်းဖြစ်သော အသက်မွေးဝမ်းကျောင်း ပညာရပ်များတတ်မြောက်မှုအားနည်း၍ လူငယ်လူရွယ်များအလုပ်အကိုင်အခွင့်အလမ်းနည်းပါးပြီး ဝင်ငွေရရှိမှုနည်းပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ထုတ်ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများရရှိခြင်းမှတစ်ဆင့်၊ဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေးအနေအထားကိုတိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သောပညာရေးမှတစ်ဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်အရင်းအနှီးချေးငွေ၊လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေးနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများအတွက်ခွဲဝေချထားပေးမည်။ ထိုပြင်ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာများထွန်းကာလာရေးအတွက်စိုက်ပျိုးရေး၊မွေးမြူရေး၊နည်းပညာသင်တန်းများတက်ရောက်နိုင်ရေးအတက်သက်ဆိုင်ရာနည်းပညာဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်တဖန်သင်တန်းတက်ရောက်သူများကကျေးရွာတွင် သင်တန်းမှရရှိလာသော နည်းပညာဆိုင်ရာအချက်အလက်များမျှဝေပြီး မိမိကိုယ်တိုင်ကလည်းကိုယ်ပိုင်လုပ်ငန်းများတွင်အသုံးချကာထုတ်လုပ်မှုတိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို ရွေးချယ် စီစဉ်ပေးရမည်။ အဆိုပါသင်တန်းများသည် သင်တန်းသူ/သားများ အတွက်ကျွမ်းကျင်မှုများတိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့်ချိတ်ဆက်ပေးမည်။

ခ.၃) ကျေးရွာတွင် ပညာရေးနှင့်ချိတ်ဆက်ပြီး အလယ်တန်းကျောင်းခွဲတွင် ဘာသာရပ်အလိုက် ကျွမ်းကျင်မှု ပြည့်ဝသော ဆရာ/မခန့်ထားရရှိနိုင်ရန်အတွက်ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင် လမ်း၊တံတားနှင့်လျှပ်စစ်မီးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်။ ကျေးရွာလူမှုရေးအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များပိုမိုရရအောင်ဆောင်ရွက်တိုက်တွန်းအားပေးဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည်

ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချ ခဲ့သောစီမံကိန်းများသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များတွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနှစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မှုဘောင်သည်သဘာဝ ဘေးအန္တရာယ်ဆိုးဆိုးဝါးဝါးမ ကျပါကပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ကိုနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအား ဖြင့်အစဉ်သဖြင့်ငါးနှစ်တာစီမံချက်တစ်ခု အသင့် အနေအထားတွင် ရှိနေပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစ းဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာအရခွဲခြားခြင်း (Functional classification) နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက် ရောက်မှုဆိုင်ရာ ရင်းနှီးမြှပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)*–ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***ကျေးရွာအဆောက်အအုံ*** | | | | | |
| | ၁။ လမ်းပန်းဆက်သွယ်သွယ်ရေးတိုးတက်ကောင်းမွန် အောင်ဆောင်ရွက်ခြင်း | ၅၀ | ၁ | ရွာလယ်လမ်းကျောက်ချောလမ်းခင်းခြင်း(၁)မိုင် ကွန်ကရစ်တံတား(၂)စင်း | ကျေးလက် ဦးစီး |
| ***ပညာရေး*** | | | | | |
| စာသင်ကျောင်း | ၂။ ကလေးပျော်၍ ဘက်စုံ တော်စေသည့် ကျောင်း အဖြစ် ဖန်တီး တည်ဆောက်ခြင်း၊ | ၄၉<br>၄၃ | ၂<br>၄ | –ဆရာ/မနေအိမ်(၃၀′× ၁၅′× ၁၂′)<br>–စာသင်ခုံ(၆၀)စုံ | |
| ***စိုက်ပျိုးရေး*** | | | | | |
| | ၃။ စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိရေး | ၃၃<br>၃၇<br>၃၉ | ၉<br>၇<br>၆ | စိုက်ပျိုးရေးနည်းပညာသင်တန်း<br>-အရင်းအနှီး<br>လက်ဖက်အခြောက်ခံစက်ရုံ | – |
| **ကျန်းမာရေး** | | | | | |
| | ၄။အခြေခံကျန်းမာရေးအသိပညာပေး | ၄၁<br>၃၆ | ၅<br>၈ | ကျန်းမာရေးဟောပြောပွဲ<br>-သားဖွားဆောင်(၂၀′× ၁၀′× ၁၀′) | |

| | | | | | |
|---|---|---|---|---|---|
| *လူငယ်ဖွံ့ဖြိုးရေး* | | | | | |
| | ၆။သက်မွေးဝမ်းကျောင်းနည်းပညာ များ ပြန့်ပွါးလာရေး | ၂၈ | ၁၁ | ခေါင်းဆောင်နည်းပြသင်တန်း | |
| **လျှပ်စစ်** | | | | | – |
| | မဟာဓာတ်အားလိုင်းဖြင့် လျှပ်စစ်မီးရရှိစေရေး | ၄၆ | ၃ | လျှပ်စစ်မီးရရှိရန်(၃မိုင်) | |
| *မွေးမြူရေး* | | | | | |
| | ၈။ မွေးမြူရေးလုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိရေး | ၃၁ | ၁၀ | မွေးမြူရေးနည်းပညာပေးသင်တန်း | |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|
| ၁။ ရွာလယ်လမ်းကျောက်ချောလမ်းခင်းခြင်း(၁)မိုင် ကွန်ကရစ်တံတား(၂)စင်း | ၁ | —— | —— | —— | | |
| ၂။ ဆရာ/မနေအိမ်(၃၀′× ၁၅′× ၁၂′) | ၂ | —— | —— | | | |
| ၃။ လျှပ်စစ်မီးရရှိရန်(၃မိုင်) | ၃ | | —— | —— | | |
| ၄။ စာသင်ခုံ(၆၀)စုံ | ၄ | | | —— | —— | |
| ၅။ကျန်းမာရေးဟောပြောပွဲ | ၅ | —— | —— | —— | —— | —— |
| ၆။ လက်ဖက်အခြောက်ခံစက်ရုံ | ၆ | | | | —— | —— |
| ၇။ အရင်းအနှီး | ၇ | | | | —— | —— |
| ၈။ သားဖွားဆောင်(၂၀′× ၁၀′× ၁၀′) | ၈ | | | | —— | —— |
| ၉။ စိုက်ပျိုးရေးနည်းပညာသင်တန်း | ၉ | —— | —— | —— | —— | —— |
| ၁၀။ မွေးမြူရေးနည်းပညာပေးသင်တန်း | ၁၀ | —— | —— | —— | —— | —— |
| ၁၁။ ခေါင်းဆောင်နည်းပြသင်တန်း | ၁၁ | —— | —— | —— | —— | —— |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင်

စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ရွာလယ်လမ်းကျောက်ချောလမ်းခင်းခြင်း(၁)မိုင် ကွန်ကရစ်တံတား(၂)စင်း | | | √ | | |
| ၂ | ဆရာ/မနေအိမ်(၃၀'× ၁၅'× ၁၂') | | | √ | | |
| ၃ | လျှပ်စစ်မီးရရှိရန်(၃မိုင်) | | | √ | | |
| ၄ | စာသင်ခုံ(၆၀)စုံ | | | √ | | |
| ၅ | ကျန်းမာရေးဟောပြောပွဲ | | | | √ | |
| ၆ | လက်ဖက်အခြောက်ခံစက်ရုံ | | | √ | | |
| ၇ | အရင်းအနှီး | | | √ | | |
| ၈ | သားဖွားဆောင်(၂၀'× ၁၀'× ၁၀') | | | √ | | |
| ၉ | စိုက်ပျိုးရေးနည်းပညာသင်တန်း | | | | √ | |
| ၁၀ | မွေးမြူရေးနည်းပညာပေးသင်တန်း | | | | √ | |
| ၁၁ | ခေါင်းဆောင်နည်းပြသင်တန်း | | | | √ | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်

စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့ကကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်းရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။

လယ်သမားအဖွဲ့အစည်းကလည်းလယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင်တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
